ပုညခင်စာအုပ်တိုက်

# မင်္ဂလာပါ ဆရာမ

## ပုညခင်



# အမှာ စာ

ကျွန်မ ငယ်ငယ်က ဆုများကို ခုံမင်မက်မောခဲ့ဖူးပါ သည် ။ ကျွန်မ၏ အရည်အချင်းများကို ဆုများက သတ်မှတ်ပေး မည်ဟု ယုံကြည်ခဲ့မိဖူးပါ သည် ။ ထို့ကြောင့်ပင် ကျွန်မရေးသော စာများ အတွက် ဆုတစ်ခုခုရဖို့ မျှော်မှန်းခဲ့ရသည် ။ သို့သော် . . . ကြီးပြင်းလာသည် နှင့်အမျှ အတွေ့ အကြုံများ ပြားလာသည် နှင့်အမျှ စာပေ၏ တန်ဖိုးသည် "ဆု" တစ်ခုတ ည်းအပေါ်မှာ မမှီခိုအပ်ကြောင်း သိမြင်လာခဲ့ရသည် ။ စာပေအနုပညာ သာမက အခြားသော ပညာရပ်၊ လုပ်ငန်းရပ်များ စွာတွင် လည်း ထိုကဲ့ သို့ပင်ဖြစ်ကြောင်း နား လည်လာခဲ့ရသည် ။ " ဆု " ဟူသည် ဆုရွေးချယ် ရေးအဖွဲ့ တစ်ခု၏ အကြိုက်ဖြစ်သလို ထိုဆုအတွက် ချမှတ်ထားသော မူ ဘောင်စည်း မျဉ်းများ နှင့် အံဝင်ခွင်ကျ ဖြစ်ရမည်ဆိုသော အချက်လည်း ပါဝင် နေခဲ့သည် ။ ထိုအချက်များ နှင့် အံဝင်ခွင်ကျ မဖြစ်၊ ဆုရွေးချယ် ရေး အဖွဲ့ ၏ အကြိုက်မဟုတ်၍ ဆုမရတိုင်းလည်း ကိုယ့်တွင် အရည် အချင်းမရှိ ကိုယ့်ဖန်တီးမှုသည် ညံ့ဖျင်းနေသည် ဟု သိမ်ငယ်စရာ မလို ပေ . . .။

ကျွန်မသည် ပုညခင် ကလောင်အမည်ဖြင့် မအောင်မြင်ခင်က စာပေ ဆုပြိုင်ပွဲများ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါသည် ။ ကျွန်မ ဆုမရခဲ့ဖူးပါ။ သို့သော် ဆုမရသည့်အတွက်လည်း တစ်ခါမှ သိမ်ငယ်စိ တ် မဖြစ်ခဲ့ဖူးပါ။ ဆုရလျှင်လည်း ကောင်းပါသည် ၊ မရတော့လည်း ဘာ

မှ မဖြစ်ပါဟူသော ခံယူချက်ဖြင့်ပင် ကျွန်မ၏ စာပေခရီးကို သိမ်ငယ်စိတ်မရှိဘဲ ကြိုးကြိုးစားစား ဆက်လျှောက် ခဲ့ပါသည် ။

ဤစာအုပ်သည် ၁၉၉၅ ခုနှစ် တစ်ဝိုက်ဆီက စာပေဆု တစ်ခုအတွက် ရည်ရွယ်၍ ရေးခဲ့သော စာမူဖြစ်ခဲ့ပါသည် ။ ထိုအချိန်ကာလက ကျွန်မ၏ ဇာတိမြို့ကလေးတွင် "မိတ္တာစုတက်" ဟူ၍ မရှိလေရာ ဆုရွေးချယ်ရေးအဖွဲ့ကို တင်ပြရန် စာမူသုံးစုံရဖို့ အတွက် အပြာရောင်ကာဗွန်စက္ကူနှစ်ဆင့်ခံ၍ ရေးခဲ့ရပါသည် ။ လျှပ်စစ်မီး မရှိသေးသော ညများ တွင် ရေနံဆီမီးခွက်ကလေးဖြင့် ရေးခဲ့ရသော စာမူဖြစ်ပါသည် ။ အသက် ၂၀ စွန်းစအရွယ် တောကျောင်းဆရာမ ကလေးဖြစ်၍ ကိုယ်ကျင်လည်ကြုံတွေ့ရာ ပတ်ဝန်းကျင်ကို အခြေခံကာ ကျွန်မစာသင်ကြားရာ ကျောင်းကလေးမှ တပည့်ကလေးများ နှင့် ရွာသူရွာသားများကို ဇာတ်ကောင်ပြု၍ ရေးသားခဲ့ရပါသည် ။ ဤဝတ္ထုဖြင့် ဆုမရခဲ့သော်လည်း ကျွန်မ တပည့်ကလေးများ ၏ တကယ့်အဖြစ်သနစ်ကလေးများ ၊ ကျေးရွာများ တွင် ခက်ခက်ခဲခဲ စာသင်ကြရပုံများကို အခြေခံထားသဖြင့် ပြန်ဖတ်ကြည့်မိလေတိုင်း ထိုရွာကလေး ... ထိုကျောင်းကလေးနှင့် ထိုကလေးများကို လွမ်းဆွတ်လာရတတ်ပါသည် ။ ယခုအခါမှာ တော့ ကျွန်မ၏ တပည့်ကလေးများ သည် ပင် လူလားမြောက်၍ အိမ်ထောင်ရက်သား ကျကာ သားသမီးကလေးများ ပင် ရခဲ့ပြီ၊ အနှစ် ၂၀ ကျော်ကြာခဲ့ပြီဖြစ်၍ ကျွန်မ၏ လက်ရေးစာမူကလေးသည် လည်း ဝါကြင်နွမ်းဖပ်၍ လာချေပြီ။

အမှန်အတိုင်း ဝန်ခံရလျှင်တော့ ဤဝတ္ထုကို ထုတ်ဝေဖို့ ကျွန်မမှာ ယုံကြည်ချက်မရှိခဲ့ပါ။ သို့သော်လည်း ယခုခေတ်တွင် မိမိတို့ ၏ သားသမီးလေးများ ပညာရပ်များ စွာကို သင်ကြားဖို့ အတွက် မိဘများကိုယ်တိုင်က တွန်းအားပေး ပံ့ပိုးကူညီနေကြတာကို မြင်တိုင်း ညီ၊ ညီမလေးတွေကို ထိန်းရင်း ထမင်းချက်ရင်း နွားကျောင်းရင်း အပြေးအလွှား အချိန်လု

၍ စာသင်ကျောင်းကို လာကြရသော ကျွန်မ၏ တပည့်ကလေးများကို သတိရမိပါသည် ။ ခမ်းနားပြည့်စုံသည့် ကျောင်းများကို မြင်ရတိုင်း ရွာအပြင် လယ်တောစပ်ဆီက မိုးလေမလုံသော ရွာကျောင်းကလေးကို လွမ်းဆွတ် ခဲ့မိပါသည် ။

လှပတင့်တယ်သည့် နှင်းဆီခင်းတွေကို မြင်တိုင်း ရွာကလေးဆီက ဇီဇဝါပန်းပင်ကလေးကို ပြန်မြင်ယောင်တွေးမိသော ကျွန်မသည် နှင်းဆီ၏ မွှေးရနံ့နှင့် လှသောအဆင်းကို ရေးဖွဲ့ရင်း နှင်းဆီလို မွှေးရနံ့မကြိုင်သော ဇီဇဝါအကြောင်းကိုတော့ ရေးဖွဲ့ဖို့ မေ့လျော့နေခဲ့မိပါလားဟု သတိရလာခဲ့တော့သည် ။ ထို့ပြင်မက အဆောင်နေ မိန်းကလေးများကို မြင်တွေ့ရတိုင်း ရွာကျောင်း ကလေးကို စွန့်ခွာ၍ ရန်ကုန်မြို့ကြီးသို့ အထင်တကြီး ရောက်ရှိလာခဲ့သော်လည်း အထင်ကြီးစရာ ရှာမတွေ့နိုင်ခဲ့သော ကျွန်မ၏ ဇာတ်ကောင် ကျောင်းဆရာမကလေးကို တကယ်ရှိခဲ့ဖူးသည့်ပမာ သတိရလာခဲ့မိသည် ။

ထိုထိုသော အကြောင်းများကပင် ကျွန်မ၏ ငယ်လက်ရာ စာမူလေးကို စာအုပ်အဖြစ် ထုတ်ဝေဖို့ တွန်းအားပေးနေခဲ့သည် ။

ဤ၀တ္ထုကို ဖတ်ဖြစ်ခဲ့မည်ဆိုလျှင် လွန်ခဲ့သော အနှစ် ၂၀ ကျော်ကာလဆီက ပညာသင်ကြားမှု အခြေအနေနှင့် ယခုခေတ်ကာလ ပညာရေးအခြေအနေတို့ ကို နှိုင်းယှဉ်နိုင်မည်ဖြစ်သလို ထိုကာလတုန်းဆီက မိန်းကလေးတစ်ယောက်၏ မြို့ပြတွင် ရုန်းကန် ရသော အခက်အခဲများ ၊ နာကျင်မှု ဝေဒနာများ နှင့် ယခုခေတ်ကာလ မိန်းကလေးများ ၏ ရပ်တည်ရုန်းကန် ရှင်သန်နေကြရသော ဘဝတို့ ကို နှိုင်းယှဉ်နိုင်မည်ဖြစ်ပါသည် ။

ထိုရှည်ကြာသော ကာလများ အတွင်းမှာ ကျွန်မတို့ တိုင်းပြည်၏ ပညာသင်ကြားမှု အခြေအနေနှင့် မိန်းကလေးများ ၏ ဘဝရပ်တည်မှုအခြေအနေကရော ပြောင်းလဲခဲ့ပြီလား မပြောင်းလဲသေးဘူးလား။

ကျွန်မကတော့ ကျွန်မ၏ ငယ်ဘဝကို လွမ်းဆွတ်ခြင်းနှင့်အတူ ကျွန်မ၏ ငယ်လက်ရာ ဤဝတ္ထုကလေးကို ပရိသတ်များ ထံသို့ ပို့ဆောင်လိုက်ပြီ ဖြစ်ပါသည် ။

**မေတ္တာဖြင့် . . .**
**ပုညခင်**

*****

သူငယ်တန်းကျောင်းသူဘဝက ကျောင်းတက်ပျင်းလှသော ကျွန်မအား ချော့တစ်ခါ . . . ခြောက်တစ်လှည့် ပညာသင် ကြားပေးခဲ့ပါသော မေတ္တာရှင် ဆရာမ အကြည် (ဒေါ်သန်းကြည်) နှင့်တကွ ဆရာ ဆရာမ အားလုံးတို့ အား ဤစာအုပ်ဖြင့် ကန်တော့ ပန်းဆင် ဂုဏ်ပြုအပ်ပါသည် ။

**( ပုညခင် )**

*****

# အခန်း ( ၁ )

ဆောင်းတွင်းနေသည် ချစ်ချစ်တောက် ပူပြင်းလျက်ရှိသည် ။

မြစ်ဝကျွန်းပေါ် ဆောင်းသည် နံနက်ပိုင်းမှာ သာ ဆောင်း၏ အင်္ဂါရပ်နှင့်ညီစွာ နှင်းမှုန်တို့ ကို ကြဲချပေးတတ်သော်လည်း နေ့လယ်ပိုင်းတွင် မူကား နွေနှင့် ထင်မှတ်မှားရလောက်အောင်ပင် အပူငွေ့တို့ ဖြင့် လွှမ်းခြုံထားတတ်လေသည် ။

မမိုးဖြူသည် ကန်သင်းပေါင် လမ်းကလေးအတိုင်း ခပ်သုတ်သုတ်လျှောက်လျက်ရှိသည် ။ သို့သော် . . . မမိုးဖြူ၏ ခြေလှမ်းတို့ က မမိုးဖြူ၏ စိတ်ကို လိုက်၍ မမီလှပေ . . .။

ထိုနည်းတူ ပြင်ပအပူငွေ့တို့ သည် လည်း မမိုးဖြူ၏ ရင်တွင်း အပူကို မီနိုင်မည်မထင်ချေ . . .။

တစ်ချိန်က မာနအရောင်ဖြင့် တလက်လက် တောက်ပခဲ့သော သူမ၏ မျက်ဝန်းအစုံသည် ခြောက်သွေ့ညှိုးငယ်လျက်ရှိပြီး ထိုမျက်ဝန်းတို့သည် တစ်စုံတစ်ရာကို မွတ်သိပ် တောင့်တလျက်ရှိသည် ။

ထိုတစ်စုံတစ်ရာမှာ "မေတ္တာ" ပင် ဖြစ်လေသည် ။

သူမအပေါ် နားလည်ခွင့်လွှတ်ပေးခဲ့သော ဆရာကိုမျိုးဝေ၏ "မေ

တ္တာ . . . "

အပြစ်ကင်းစင်သော ကလေးငယ်တို့ ၏ " မေတ္တာ . . . "

တာကုန်းရွာကလေးနှင့်တကွ ရွာကျောင်းကလေးကို ကျောခိုင်းခဲ့စဉ်ကတည်းက ငတ်မွတ်ခဲ့ရသော " မေတ္တာ . . . "

ထိုမေတ္တာတရားများ ရှိရာအရပ်သို့ သူမသည် ရောက်ချင်ဇောကပ်လျက်ရှိသည် ။

ရိုးပြတ်များ သာ ဖုံးလွှမ်းလျက်ရှိသော လယ်ကွင်းပြင်တစ်မျှော် တစ်ခေါ်ကို မျက်စိတစ်ဆုံး မျှော်ကြည့်မိသည် ။

အပူငွေ့ တို့ သည် မျက်နှာပေါ်သို့ ရိုက်ခတ်လာ၏။ ဦးခေါင်းအို့တွင် နဖူးဆီမှ တွဲလွဲခိုနေသော ချွေးစများ

ချွေးစများ တဖြုတ်ဖြုတ် ကြွေကျသွားကြသည် ။

မမိုးဖြူသည် အားတင်းလျှောက်ရင်း တဖြည်းဖြည်း မော ဟိုက်တုန်ယင်လာသည် ။

ဒီလမ်းခရီးကို မနားတမ်း လျှောက်ခဲ့ရသည် မှာ နှစ်နာရီခန့် ရှိပေပြီ။

အိုးဘို၊ ဘဝင်းဆိပ်၊ ပဲခူးစု၊ ရင်ဆိုင်၊ စပါယ်ရုံ . . . တစ်ရွာ ပြီးတစ်ရွာ ကျော်ဖြတ်ခဲ့ရသည် ။

ရွာလယ်လမ်းအတိုင်း အရိပ်ခိုလျှောက်၍ တစ်လှည့်၊ ရွာပြင် လယ်ကွင်းတွေကို ဖြတ်၍ တစ်ဖုံ ခြေလှမ်းဖြင့် သွက်သွက်လျှောက်ခဲ့ သည် ။

နေမင်းသည် မမိုးဖြူ၏ ဦးခေါင်းတည့်တည့်၌ ရှိနေ၏။ သူမ၏ အရိပ်သည် ပျောက်လုမတတ် တို၍ နေသည် ။ ဦးခေါင်းပေါ်တွင် အဆောင်းမပါ ဗလာသက်သက် . . .။

အပူရှိန်ကြောင့် ခေါင်းထဲတွင် တစစ်စစ် ကိုက်လာသည် ။ သို့သော် . . . မမိုးဖြူ မမူပေ . . .။

အားတင်း၍ လျှောက်ခဲ့သည် မှာ ဒါးကဆည်ရွာကိုပင် ကျော်လွန်၍ လာခဲ့ပြီ။ မကြာမီ တာကုန်းရွာဆီသို့ ဦးတည်နေသော မြေလမ်းဖုံဖုံက လေးပေါ်သို့ ခြေချမိတော့သည် ။။ ခပ်ပြေပြေ ကုန်းကလေးပေါ်သို့ လှမ်း တက်လိုက်သည် ။

ဒီခင်တန်းကို ကျော်လျှင် ရွာနှင့်မဝေးတော့ပြီ . . .။

မမိုးဖြူသည် ကုန်းတန်းကလေးပေါ်တွင် ခေတ္တရပ်နားရင်း တာကုန်းရွာကလေးဆီသို့ လှမ်းမျှော်ကြည့် လိုက်လေသည် ။

" အို ... "

ရင်ထဲတွင် တလှိုက်လှိုက် ကြည်နူးသွားရ၏။

ခပ်ဝေးဝေးဆီမှ မြင်ကွင်းကို မျက်တောင်မခတ်စတမ်း ကြည့်နေလို က်မိသည် ။

မမိုးဖြူ မြင်နေရသော မူလတန်းကျောင်းကလေးသည် ဟု ယခင်က လို သုံးဘက်သုံးတန် အကာအရံရှိသော မြေစိုက်၊ ဓနိမိုး ၊ ထရံ ကာ ခပ် စုတ်စုတ် ကျောင်းကလေး မဟုတ်တော့ပြီ။

အုတ်နီရောင်ရဲရဲသည် နေရောင်အောက်တွင် ဝင်းပလျက်။

သစ်လွင်သော သွပ်မိုးရောင် တပြောင်ပြောင်နှင့် မျက်စိကျိန်းဖွယ် ရာ တည်ရှိနေသော ကျောင်းကလေး . . .။

မမိုးဖြူ၏ အမြင်အာရုံတွေ ဝေဝါးလာ၏။ ခဏချင်းမှာ ပင် နှလုံး သားတွေ ဆို့နင့်နာကျင်လာရလေသည် ။

"ကျွန်တော့်မှာ သာ ပိုက်ဆံတွေ အများကြီးရှိရင် ဆရာမလေးဖို့ တိုက်ကျောင်းလှလှလေး ဆောက်ပေးမယ် ... "

"မငိုပါနဲ့ ဆရာမလေးရယ်၊ ဆရာမလေးနေရာက မိုးပက်ရင် သမီး မိုးကာလေးနဲ့ ကာပေးမယ်နော် . . . "

ကလေးများ ၏ တီတီတာတာ စကားသံလေးများ . . .။

သူတို့ ကျောင်းကလေးတွင် စာလာမသင်မှာ ကို စိုးရိမ်ပူပန်နေကြသော အသနားခံ မျက်ဝန်းများ . . .။

"ဟေ့ကောင်တွေ ... မင်းတို့ တွေ တအားမဆူကြနဲ့ ကွ၊ ဆရာမလေး စိတ်ညစ်သွားလိမ့်မယ်၊ စိတ်ညစ်ပြီး တို့ ကျောင်းကို မလာဘဲနေရင် ဘယ်လိုလုပ်မလဲ . . . "

အသက် ဆယ့်ခြောက်နှစ်ခန့် ရှိပြီဖြစ်သော်လည်း ဉာဏ်ရည် နိမ့်ပါးရှာသည့် ဒုတိယတန်း ကျောင်းသား "တာတူး" ၏ ဗလုံးဗထွေး အော်ဟစ်တားမြစ်သံ . . .

မမိုးဖြူ၏ နားထဲတွင် ယခုပင် ကြားနေရသလို ထင်မိတော့သည် ။

မျက်ဝန်းအစုံကို ဖျတ်ခနဲ စေ့ပိတ်လိုက်မိသည် ။

မျက်ရည်ပူတို့ သည် မမိုးဖြူ၏ ပြေလျော့လျော့ ပါးပြင် နှစ်ဖက်ပေါ်သို့ စီးကျသွားလေသည် ။

ဆရာကိုမျိုးဝေ၏ နူးညံ့သိမ်မွေ့သောမျက်ဝန်းတို့ ကို တရေးရေး မြင်ယောင်လာရပြန်သည် ။။

ဆရာကိုမျိုးဝေသည် တာကုန်းရွာကလေးနှင့်တကွ ရွာကျောင်းကလေးကိုပါ စွန့်ခွာ ကျောခိုင်းသွားခဲ့သော မမိုးဖြူကို ခွင့်လွှတ် နိုင်ပါဦးမ

ည်လား . . .။

ကလေးများကရော သူတို့ ၏ ချစ်ခင်တွယ်တာမှုမှန်သမျှကို လျစ်လျူရှုတတ်သော သူတို့ ဆရာမ ဒေါ်မိုးဖြူဖြူကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြပါမည်လား။

ရွာသူရွာသားများကရော ရွာကျောင်းကလေးကို အထင်သေး မုန်းတီးခဲ့သူ မမိုးဖြူကို ခွင့်လွှတ်နားလည်ပေးနိုင်ပါတော့မလား . . .။

မမခိုင်က . . .

" ဖြူက ကလေးလိုပဲကွယ်၊ ကိုယ်က ဆရာမ ဖြစ်နေပြီပဲ၊ လူကြီး စိတ်မွေးပြီး ကလေးတွေကို ခွင့်လွှတ်နားလည်မှ ပေါ့ ညီမရယ် . . . "

ဟု အရင်ကလိုပဲ တတွတ်တွတ် နားချနိုင်ပါဦးတော့မလား၊ ဒါမှ မဟုတ် စကားမပြောချင်လောက်အောင် စိတ်ကုန်နေတော့မှာ လား . . .။

မမိုးဖြူသည် မှုန်ဝါးကျိန်းစပ်နေသော မျက်ဝန်းတို့ ကို အားယူဖွင့်ရင်း ရွာကျောင်းကလေးကို မျှော်ကြည့်လျက်ရှိသည် ။

မျက်ရည်စတို့ အဆက်မပြတ် စီးကျနေသော်လည်း မမိုးဖြူ၏ နှုတ်ခမ်းအစုံကမူ ပြုံး၍ နေလေသည် ။

*****

# အပိုင်း ( ၁ )

## အခန်း ( ၁ )

" လျှောက်ကြည့်လိုက်ပါလား သမီးရယ်၊ ရလိုရငြားပေါ့ . . . "

မမိုးဖြူသည် အမေ့ကို ဆတ်ခနဲ လှည့်ကြည့်မိသည် ။ တစ်ဆက်တည်းမှာ ပင် အောက်နှုတ်ခမ်းကို ခပ်နာနာ ဖိကိုက်ထားလိုက်မိသည် ။

အမေ ခိုင်းရက်လိမ့်မည်ဟု မမိုးဖြူ မထင်ခဲ့မိပေ . . .။

"ကျောင်းဆရာမ အလုပ်ဆိုတာ မိန်းကလေးတွေအတွက် အသင့်တော်ဆုံးပါကွယ်၊ ကြွေလည်း ရ၊ ကုလိုလ်လည်း ရတဲ့ အလုပ်ပဲ မဟုတ်လား "

အမေက မငံ့မရဲ ဆက်၍ ပြောလေသည် ။

" သမီး မလုပ်နိုင်တဲ့ အလုပ်ကို မလျှောက်ချင်ဘူး အမေ "

မမိုးဖြူ ခပ်ဆတ်ဆတ် ပြန်ပြောမိသည် ။

အမေ့ကိုလည်း စိတ်နာလာမိသည် ။

မမိုးဖြူ ကျောင်းဆက်တက်ချင်တာကို သိလျက်နှင့် အမေ မသိချင်ယောင် ဆောင်ရက်သည် ။

"ဆရာဝန်" ဖြစ်ရမည် " ဟူသော မမိုးဖြူ၏ ရည်မှန်းချက်ကို အမေ ဥပေက္ခာပြုရက်သည် ။

မမိုးဖြူမှာ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးများ စွာဖြင့်အောင် မြင်ရန် ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရသည် ။

သူများ တကာလို ကျူရှင်မယူနိုင်သော်လည်း မမိုးဖြူ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးငါးဘာသာနှင့် အောင်မြင်ခဲ့သည် ။

စိတ်ကူးယဉ် အိပ်မက်တို့ အကောင်အထည် ပေါ်လာတော့ မည်ဟူသောအတွေးနှင့် ကြည်နူးပြုံးပျော်ခဲ့ရသည် ။။

ဆယ်တန်းအောင်ပြီးကတည်းက မမိုးဖြူ၏ အတွေးထဲတွင် "ဒေါက်တာမမိုးဖြူကို မကြာခဏ ပုံဖော်ကြည့်နေမိသည် ။

မမိုးဖြူ၏ ကိုယ်ဟန် ဖြူဖြူသွယ်သွယ်ကလေးသည် ဂျူတီကုတ်ဖြူဖြူလေးနှင့်ဆိုလျှင် ဘယ်လောက်များ ပန်ရလိုက်မလဲ . . .။

နားကြပ်ကလေးကို ကိုင်ကာ Round လှည့်လာသော ဒေါက်တာမမိုးဖြူ၏ မျက်နှာလှလှကလေးသည် ပညာဂုဏ်ဖြင့် ဘယ် လောက်တောင် ဝင့်ကြွားနေမည်လဲ . . .။

ကျောင်းကုန်းမြို့ကလေးတွင် "အလှဆုံး" ဟု သတင်းကြီးခဲ့သည့် မမိုးဖြူသည် ဒေါက်တာမမိုးဖြူ ဘဝတွင် လည်း အလှဂုဏ်၊ ပညာ ဂုဏ်တို့ ဖြင့် ရွှန်းတင့်၍ နေပေမည်။

ထိုမှ တစ်ဖန် ပါရဂူဘွဲ့ရဖို့ ဆက်၍ ကြိုးစားလိုက်ပါလျှင် . . .

နာမည်ကြီး ဆေးခန်းတွင် ထိုင်ကာ ဝင်ငွေများ စွာ သောက်သောက် လဲရနိုင်သော သမားတော်ကြီး "ဒေါက်တာ မမိုးဖြူ" ဘဝဖြင့် ပြည့်စုံချမ်းသာစွာ အဆင့်အတန်းမြင့်မြင့် နေရပေမည်။

မမိုးဖြူ အလွန်ချမ်းသာချင်ပါသည် ။

ပညာရှိရမည်၊ ဂုဏ်ရှိရမည်။ ငွေကြေးပြည့်စုံရမည်။ "လိုတရဘဝ ကို မမိုးဖြူ ပိုင်ဆိုင်ချင်လှသည် ။

ရုပ်ရည်ကလေး လှပပါလျက် အဝတ်အစား လှလှပပ မဝတ်နိုင် သော၊ အစစအရာရာ မျက်နှာငယ် အောက်ကျလှသော ချို့ချို့ငဲ့ငဲ့ " မှဆိုးမသမီး " ဟူသော ဘဝကို မမိုးဖြူ ငြီးငွေ့လှပြီ။

ဒီလို ဘဝမျိုးထဲတွင် နေရသည် ကို တစ်စတစ်စ သိမ်ငယ်လာသလို ထင်မိသည် ။ ဒီဘဝထဲက ရုန်းထွက်နိုင်ဖို့ မမိုးဖြူ ဘယ်လောက် အထိ ကြိုးစားခဲ့ရသလဲ . . .။

နေ့မအိပ်၊ ညမအိပ်၊ အစားပျက် အသောက်ပျက်၊ လူငယ် သဘာဝ အပျော်အပါးမှန်သမျှကို စွန့်လွှတ်ကာ ကျောင်းစာထဲမှာ သာ အာရုံစူးစို က်ထားခဲ့သည် ။

အလှအပ မပြင်အား၊ ရည်စား မထားအား၊ ပွဲလမ်းသဘင် မသွား အား . . .၊ အချိန်ပြည့် ကြိုးစားခဲ့ရသည် ။

ယခု . . . ကြိုးစားမှု၏ ရလဒ်ကို ခံစားရပေပြီ။

အောင်စာရင်းထွက်ပြီးကတည်းက မမိုးဖြူသည် မှန်ရှေ့မှ မခွာတမ်း တသသ အလှပြင်ခဲ့သည် ။

ကျောင်းတက်စဉ် မသအား၍ ပစ်ထားခဲ့ရသော တုံးတိတိ ခြေသည်း၊ လက်သည်းများကို တယုတယ မွေးယူကာ အရှည်ထားသည် ။

ခြေသည်းနီ၊ လက်သည်းနီ ရောင်စုံဆိုးသည် ။ ဆံပင်ကိုလည်း အမျိုးမျိုး ပြုပြင်သည် ။

နှုတ်ခမ်းဖူးဖူးလေးမှာ နှုတ်ခမ်းဆိုးဆေး မပြတ်တင်သည် ။

သို့သော် . . . ရည်းစားထားဖို့ ကိုတော့ မမိုးဖြူ၊ စိတ်မဝင်စားပေ။

ဒီမြို့လေးက ယောကျ်ားတွေကို မမိုးဖြူ၊ အထင်မကြီး . . .။

မမိုးဖြူလို တက်လမ်းရှိသည့် မိန်းကလေးမျိုးနှင့် ဒီလို တောသာသာ မြို့ငယ်ကလေးမှ ယောကျ်ားတွေမှာ "မတူမတန်" ဟု ထင်သည် ။ ကိုယ့်လောက်မှ အရည်အချင်းမရှိသော ယောကျ်ားတွေကို စိတ် ဝင်စားကြည့်၍ လည်း မရပေ။

မွေးရပ်မြေကိုလည်း အထင်မကြီး။

ဒီမှာ နေလို့ ကတော့ ကြီးပွားလမ်းမမြင်ဟု ခံယူထားသည် ။

ရန်ကုန်လို အစစအရာရာပြည့်စုံသည့် မြို့ကြီးပြကြီးမှာ နေပါမှ မျက်စိကြီး နားကြီးဖြစ်မည်။ အကြားအမြင်ကျယ်လာပါမှ ကြီးပွားရန် လမ်းစရမည်။

ရန်ကုန်တွင် ဝင်ငွေများ စွာ ရနိုင်သော ဆေးခန်းများ လည်း ပေါများ လှသည် ဟု မမိုးဖြူ ကြားဖူးထားလေသည် ။

ဆေးတက္ကသိုလ်တွင် ခုနစ်နှစ်လောက် ပင်ပင်ပန်းပန်း သင်ယူဆည်းပူးပြီး ဆရာဝန်ဖြစ်လာသောအခါ တောရွာကလေးတွေမှာ ဆေးလိုက်ကုပေးရသော စေတနာဆရာဝန် ဘဝမျိုးကို ခံယူဖို့ လည်း နည်းနည်းလေးမှ စိတ်ကူးထဲမထည့်ပါ။ ဒါမျိုးတွေက အသံလွှင့်ဇာတ်လမ်းတွေ၊ စိတ်ကူးယဉ်ဝတ္ထုတွေထဲမှာ သာ ရှိတတ်သော ဇာတ်လိုက်တွေဟု မမိုးဖြူက ယူဆထား၏။

သူမကတော့ အခွင့်သာလျှင် နိုင်ငံခြားတက္ကသိုလ် တစ်ခုခုမှာ ပညာသွားရောက် သင်ယူဖို့ ပင် စဉ်းစားထားပြီးဖြစ်သည် ။

မမိုးဖြူဆိုသော မိန်းမလှသည် ဆေးတက္ကသိုလ်တွင် အလှဘုရင်မဘွဲ့ကို ခံယူနိုင်ရမည်ဟု လည်း စိတ်ကူးယဉ်ထားသည် ။

မြို့ကြီးပြကြီးတွင် နေရတော့မည်ဖြစ်၍ မိမိကိုယ်ကို လှလှပပ သပ်သပ်ရပ်ရပ်ကလေး ကြော့ရှင်းလှပနေချင်သည် ။

မမိုးဖြူသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ပျော်မြူးရွှင်ပျနေဆဲတွင် အမေက မမိုးဖြူ၏ စိတ်ကူးအားလုံးကို ရိုက်ချိုးဖျက်ဆီးပစ်ဖို့ ကြိုးစား လာလေသည် ။။

ဆယ်တန်းအောင် ကျောင်းဆရာမလျှောက်လွှာများ ခေါ်သောအခါ အမေသည် မမိုးဖြူကို ကျောင်းဆရာမလုပ်ရန် တိုက်တွန်းလာတော့သည် ။

မမိုးမြူ အမေ့ကို ဒေါသဖြစ်မိသည် ။

ကျောင်းဆရာမတွေ အဝတ်အစား ပြောင်ပြောင်စင်စင် မရှိတာကိုလည်း အမေ အသိ။ လခနည်းတာကိုလည်း အမေ အသိ။ ပီတိကို စား၍ အားမရှိနိုင်တာကိုလည်း အမေ အသိ။ ဆယ်တန်းအောင် ပညာအရည်အချင်းလောက်နှင့် မြို့ပေါ်ကျောင်းကောင်းကောင်း မှာ အလုပ် မရနိုင်တာကိုလည်း အမေ အသိ။ ဖုန်အလူးလူး ရွှံ့အလူးလူးလမ်းကို ပင်ပန်းတကြီး ဖြတ်သန်းသွား လာပြီးမှ တောစွန်ဇနပုဒ်ရှိ ညစ်ပတ်ပေရေ၍ ဉာဏ်ရည်နိမ့်ပါးသော ကလေးတွေကို စာသင်ပေးရသည် မှာ ဘယ်လောက် စိတ်ညစ်စရာ ကောင်းသည် ဆိုတာကိုလည်း အမေအသိ။ သိသိ နှင့်တောင် အမေသည် မမိုးဖြူကို ခိုင်းရက်လေခြင်းဟု စိတ်နာမိလေသည် ။

မမိုးဖြူသည် မှန်တင်ခုံပုပုလေးရှေ့တွင် ထိုင်ရင်း အမေ့ကို ကျောခိုင်းထားမိသည် ။

မှန်ထဲမှ သူမ၏ ပုံရိပ်က သူမကို လှောင်ပြောင်သရော်နေ သည် ဟု ထင်မိသည် ။

အသံခပ်တုန်တုန်နှင့် မဝံ့မရဲ တိုက်တွန်းလာသော အမေ့စကားကို ခပ်တင်းတင်း ငြင်းပယ်ပြီးသည် နှင့် အောက်နှုတ်ခမ်းကို တအားပင် ဖိကိုက်ထားလိုက်မိတော့သည် ။

ဒေါ်မြနုသည် သမီးဖြစ်သူ၏ အသံမာမာကို ကြားသည် တွင် ရင်ထဲနင့်ခနဲ နာကျင်သွားရပြီး မျက်ရည်စတွေ လျှံတက် လာလေသည် ။

စပါးလုံးကောက်နေသော ဒေါ်မြနုလက်မှာ သိသိသာသာ တုန်လာခဲ့သည် ။ မျက်ရည်ပြည့်နေသော မျက်ဝန်းတို့ သည် စပါးလုံးငယ် တို့ ကို မြင်နိုင်စွမ်း မရှိတော့ပေ။

သမီးဖြစ်သူကို ကျောခိုင်းထိုင်၍ စပါးလုံးကောက်နေရင်းက ဆန်ကောစွန်းနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်၍ ဒေါ်မြနု မျက်ရည်တွေတွေ ကျလေသည် ။

သမီး၏ မျက်နှာကို ဒေါ်မြနု လှည့်မကြည့်ရဲ၊ ဝမ်းနည်းခံပြင်း နာကျင်နေမည့် သမီးမျက်နှာကို ကြည့်ရန် ဒေါ်မြနုမှာ အင်အားမရှိပေ။

ဒေါ်မြနုတို့ အိမ်ကလေးသည် သပ်ရပ်သော်လည်း သေးငယ် လှသည် ။

သမီးအတွက် သီးသန့်အိပ်ခန်း မပေးနိုင်သဖြင့် သားအမိ နှစ်ယောက် အတူအိပ်ကြရသည် ။။

သမီး သနပ်ခါးလိမ်းဖို့ အတွက် အိမ်ရှေ့ခန်းနှင့် ဝါးထရံ ခြားထားသော နောက်ဖေးခန်းတွင် မှန်တင်ခုံပုပုလေး ထားပေးခဲ့သည် ။ မီးဖိုချောင်နှင့် သနပ်ခါးလိမ်းသည့် နေရာမှာ နီးလွန်းတာမို့ သမီးက ငြိုငြင်ချင်သည် ။ သို့သော် ဒေါ်မြနု ဘာမျှမတတ်နိုင်ပေ။

သမီးဖြစ်သူ မျက်နှာတစ်ချက် မငြိုရအောင် ဒေါ်မြနုသည် ဘာမဆို ဖြည့်ဆည်းပေးချင် လှပါသော်လည်း စိတ်သာရှိ၍ လူကမလိုက် နိုင်ပေ။

မိသားစုကို အုပ်မိုးကာကွယ်ပေးနိုင်မည့် အိမ်ထောင်ဦးစီး၏ အရိပ် လည်း ကွယ်ခဲ့ပြီ။ ဒေါ်မြနုကိုယ်တိုင်ကလည်း သူများ ဆိုင်ခန်းကိုငှားပြီး တောကြိုက်အထည်လေးတွေကိုသာ ချောက်ချီးချောက်ချက် ရောင်းနေ ရသူ။

အထည်ဆိုင်၏ ဝင်ငွေက သားအမိနှစ်ယောက်၏ စားဝတ်နေရေးကို မနိုင်မနင်း ကျားကန်ထားရသည် ။ တစ်လ တစ်လဆိုင်ခန်းလခ ပေးရ တာနှင့်ပင် အမြတ်၏ သုံးပုံတစ်ပုံလောက်က ပဲ့ပဲ့သွားလေသည် ။

ဆိုင်ခန်းနေရာကလည်း ချောင်ကျလွန်းသဖြင့် တစ်ခါတလေ တစ် နေ့လုံးထိုင်ပါမှ ဝယ်သူ သုံးလေးယောက်လောက်ပဲ ဝင်လာတတ် သည့် အခါများ ပင် ရှိခဲ့သည် ။။

စျေးရောင်းမကောင်းသော်လည်း သမီးအတွက် ဒေါ်မြနု တတ်နိုင်သ လောက် ဖြည့်ဆည်း ပေးခဲ့ပါသည် ။

ဆိုင် မှ ၁ အဆင်ဆန်းဆန်းလေးတွေ တင်မိလျှင် သမီးအတွက် တစ်မျိုးကို တစ်စစီလောက် ဖယ်ထားပြီးသား။ အရွယ်ရောက် လာပြီမို့ သမီးခမျာ လှချင်ရှာပေမည်။။

အများ တကာလို ကျူရှင်ကောင်းကောင်း ထားမပေးနိုင်သည့် အတွက်လည်း ဒေါ်မြနု စိတ်မကောင်းဖြစ်ရသည် ။ သို့သော် . . . သမီးက ဉာဏ်ကောင်းလွန်းသည် ။ နေ့မအား ညမအား ကြိုးစားနိုင်လွန်းသည် ။ ရည်းစားမထား၊ မျက်နှာထားကလည်း တည်တည်တံ့တံ့ရှိလှသော သမီးအလိမ္မာလေးအတွက် ဒေါ်မြနု ကျေနပ်ဂုဏ်ယူခဲ့ရပါသည် ။

သမီးကို စိတ်မညစ်အောင် ထားသည် ။ အိမ်မှာ မရှိတာလည်း သမီးမသိစေရ၊ ကြွေးတင်နေတာကိုလည်း သမီးမသိစေချင်။ သမီး အားငယ်မှာ စိုးသည်၊ သိမ်ငယ်စိတ် ဝင်သွားမှာ စိုးသည် ။

သူများ ဆီက ချေးသင့်တာချေး၊ သမီးအဖေ လုပ်ပေးထားခဲ့သည့် လက်ဝတ်လက်စားလေးတွေ ပေါင်တာပေါင်ကာ သမီး၏ ထမင်း ဘူးထဲမှာ အသားဟင်းပါအောင် ဖြည့်ပေးခဲ့ရသည် ။ အဝတ်အစား သစ်လွင်အောင် ဆင်ခဲ့ရသည် ။

ဒါတွေကို သမီး မရိပ်မိခဲ့ပေ။ အထည်ဆိုင်မှ အမြတ်များများ ရနေသည် ဟု သာ ထင်ခဲ့သည် ။ ဒေါ်မြနု ဘယ်လောက်ပဲ ဖြည့်ဆည်း ပေးပေး သမီးက အလိုမကျနိုင်ခဲ့။

" အမေ့အထည်တွေက အပေါစားတွေ၊ သမီး မဝတ်ချင်ဘူး အမေ။ သမီးရှက်တယ် "

ဟု သမီး ပြောခဲ့စဉ်က သမီးမျက်နှာ ညှိုးညှိုးကလေးကို ငေးကြည့်ရင်း ဒေါ်မြနု မျက်ရည်ဝဲခဲ့ရသည် ။

" သမီး သိပ်ချမ်းသာချင်တာပဲ အမေ၊ သမီး ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်၊ ပြီးရင် ပိုက်ဆံတွေ အများကြီးရှာပစ်မယ် "

ဟု လည်း သမီးက မကြာခဏ ပြောတတ်ခဲ့သည် ။ ပြော

သလိုလည်း ကြိုးစားခဲ့ပါသည် ။

သမီး၏ ကြိုးစားမှုအတွက် ဒေါ်မြနု ဝမ်းသာရသော်လည်း သမီးကို ဆရာဝန်ဖြစ်အောင် ကျောင်းထားမပေးနိုင်သည့် အခြေအနေကြောင့် ယူကျုံးမရ ဖြစ်ရသည် ။

သမီး စာကျက်နေသည် ကို ကြည့်၍ ပြုံးနေမိပြီးမှ တစ်ဖက်လှည့်၍ မျက်ရည်ကျခဲ့ရသည် ။

"ဒီလောက်လည်း အပင်ပန်းခံ မကြိုးစားပါနဲ့ သမီးရယ်၊ သမီးကို အမေ ကျောင်းဆက်မထားနိုင်တော့ဘူး "

ဟု ဒေါ်မြနုသည် ဘယ်လိုအင်အားမျိုးနှင့် ပြောထွက်ရက် နိုင်ပါမည် နည်း။

သမီးကလည်း " အမေ . . . သမီးကို တက္ကသိုလ်ပို့နိုင်ပ့ါမလား " ဟု တစ်ခွန်းတစ်ပါဒမျှ မမေးမြန်းခဲ့။ ဆယ်တန်းအောင်လျှင် လူတိုင်း တက္ကသိုလ်ဆက်တက်ရမည်မှာ ထုံးစံဖြစ်သည် ဟု မှတ်ယူထားသလား မသိပါ။

ဒီလိုနှင့်ပင် ဒေါ်မြနုကလည်း မပြောရက်၊ သမီးဖြစ်သူကလည်း မေးမြန်းခြင်းမရှိဘဲ အချိန်တွေ တရွေ့ရွေ့ ကုန်ခဲ့သည် ။ သမီးက ဈေးရောင်းဖို့ စိတ်မဝင်စား၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်များ မဖွင့်မီ အားလပ်နေချိန်တွင် ဝတ္ထု၊ မဂ္ဂဇင်းမျိုးစုံ ငှားဖတ်ကာ အိမ်မှာ ပဲ အေးအေးဆေးဆေး နေနေသည် ။

ဒေါ်မြနုကလည်း သမီးကို ဈေးလိုက်မရောင်းစေချင်ပါ။ ဆိုင်မှာ ရောင်းမကောင်းတာကို သမီး မသိစေချင်။

သမီး၏ စာအုပ်ငှားခတွေကလည်း မသက်သာလှ။ သမီးက တစ်နေ့

ကို ဝတ္ထုသုံးအုပ်လောက် ကုန်အောင် ဖတ်နိုင်သည် ။ စာအုပ် ငှားခက တစ်အုပ်ကို ၃ ကျပ်၊ ၅ ကျပ်။ စာအုပ်ငှားခတင် တစ်နေ့ ဆယ့် ငါးကျပ်လောက် ထိခိုက်သည် ။ သို့သော် . . . ဒေါ်မြနု မငြိုငြင်။

" တခြား မိန်းကလေးတွေလို ခြေမများ တာပဲ တော်လှပြီ "

ဟု သမီးကို ကျေးဇူးတင်မိပါသေးသည် ။

သမီးက ညဘက်မှာ လည်း ဖယောင်းတိုင်ထွန်း၍ စာဖတ် သေးတာမို့ ဖယောင်းတိုင်ဖိုးက နောက်ကလိုက်ရသေးသည် ။ လျှပ်စစ်မီး မရှိ၊ ဘက်ထရီအိုး မဝယ်နိုင်သော အိမ်မှာ ဖယောင်းတိုင်ကိုသာ အားကိုးအားထား ပြုရ၏။ ရေနံဆီက ဖယောင်းတိုင်နှင့် နှိုင်းစာလျှင် ပိုပြီး အထွန်းခံသော်လည်း မီးရောင်နီကြင့်ကြင့်ကြောင့် သမီး မျက်စိထိခိုက်မှာ စိုးရိမ်ရသည် ။ မီးခိုးငွေ့ကြောင့် သမီး စိတ်အနှောင့်အယှက်ဖြစ်မှာ ပူပင်မိသည် ။

ဒီလိုနှင့် သမီးဖြစ်သူက ဆေးတက္ကသိုလ် ဖွင့်ရက်များကို အိမ်တွင်းအောင်း၍ စာဖတ်ရင်း အလုပြင်ရင်း စောင့်မျှော်နေချိန်တွင် ဒေါ်မြနုမှာ သမီးကို ကျောင်းထားနိုင်ရန် အမျိုးမျိုး ကြိုးစားကြည့်ခဲ့သည် ။

အသိမိတ်ဆွေများ ထံမှာ အတိုးနှင့် ချေးငှားပြီး သမီးကို ကျောင်းစရိတ်ထောက်ဖို့ စဉ်းစားသည် ။ သို့သော် အရင်းမပြောနှင့် အတိုးတောင် ပြန်ဆပ်နိုင်ဖို့ မသေချာ။ "

ပညာသင် ထောက်ပံ့ငွေ လျှောက်နိုင်သော်လည်း ထိုပိုက်ဆံနှင့် သမီး၏ ကျောင်းစရိတ် မဖူလုံ။

ဒေါ်မြနု အငတ်ခံ၍ သမီး ကျောင်းစရိတ် လုံလောက်မည် ဆိုပါလျှင် ဒေါ်မြနု အငတ်ခံရန် အဆင်သင့်ပင်။ ယခုအခြေအနေက ဒေါ်မြနု အင

တ်ခံလျှင်တောင် သမီးအတွက် မလုံလောက်နိုင်ပါ။

ထုတ်ရောင်းစရာ လက်ဝတ်လက်စားများ လည်း မရှိတော့။ နားကပ်ကလေးကိုပင် ရောင်းပစ်လိုက်ရပြီ။ သမီးသိလျှင် အားငယ်မှာ စိုးရိမ်သဖြင့်သာ ဟောင်းလောင်းဖြစ်နေသော ဒေါ်မြနု၏ နားပေါက်ကို ယခင် နားကပ်နှင့် ပုံစံတူ ရွှေရည်စိမ်နားကပ်အတုလေး ဝယ်ပြီး ပန် ထားလိုက်ရသည် ။ သမီးကတော့ ရွှေအစစ်ဟု ထင်ပေလိမ့်မည်။

ဒေါ်မြနုသည် နေ့လယ်ဘက် ဆိုင်မှာ ထိုင်ရင်း သမီး မသိအောင် အထည်တွေကို လက်ချုပ်လိုက်ပေးရသည် ။ သိုးမွေးထိုးရသည် ။

ဆိုင်သိမ်းချိန် ညနေဘက်တွင် အကြော်ကြော်ရောင်းချင်သော်လည်း သမီးက ကြိုက်မှာ မဟုတ်။ " အကြော်သည် မ သမီး " ဟု အပြောခံရလျှင် သမီး ဝမ်းနည်းရှာလိမ့်မည်။

အထည်ဆိုင်ကို ဖြုတ်ပြီး တခြား အမြတ်အစွန်းရမည့် ငါးပိငါးခြောက်ကုန်တွေ ခေါက်ပြန်ကြေးယူ၍ လမ်းဘေးမှာ ချရောင်းလျှင် ဆိုင်ခန်းခလည်း သက်သာမည်ဟု တွေးကာ သမီးကို တိုင်ပင်ကြည့်သောအခါ . . .

"အမေကလည်း ငါးပိ ငါးခြောက်တွေကို ဘာဖြစ်လို့ ရောင်းမှာ လဲ၊ နံစော်ညစ်ပတ်နေတာတွေကို အမေမို့လို့ ရောင်းချင်တယ်၊ ကိုယ့်ဘာသာ ဆိုင်ခန်းလေးနဲ့ အထည်ရောင်းနေတာ အကောင်းသားနဲ့ ၊ အမေမို့လို့ စိတ်ကူးတတ်တယ်၊ ငါးပိ ငါးခြောက်တော့ မရောင်းပါနဲ့ အမေရယ်၊ အမေက လမ်းဘေးမှာ ဈေးရောင်းနေတော့ သမီး ဂုဏ်ငယ်တာပေါ့ "

သမီးက အပြင်းအထန် ကန့်ကွက်ခဲ့သည် ။

အထည်က ရောင်းမကောင်းတာ၊ ဆိုင်ခန်းလခ မပေးနိုင်သည့် လ

တွေ များ လာတာ၊ ကြွေးတွေထပ်နေတာကိုတော့ သမီးလေး မသိပေ။

" အင်းလေ . . . အထည်ဆိုင်က မမြတ်ပေမဲ့ ဂုဏ်တော့ရှိတာပေါ့။ သမီးအမေ ဘာလုပ်သလဲလို့ မေးရင် အထည်ဆိုင်ဖွင့်ထားတယ် လို့ ပဲ သမီးလေး ဖြေချင်ရှာမှာ ပေါ့ . . . "

ဒေါ်မြနု ဇွတ်မှိတ်၍ အထည်ဆိုင် ဆက်ထိုင်ခဲ့ရသည် ။

ဒေါ်မြနုက ကြမ်းကြမ်းတမ်းတမ်း အလုပ်တွေလည်း မလုပ်နိုင်။ မကြာခဏ အဆစ်အမြစ်တွေ ကိုက်ခဲနာကျင်တတ်သည့် ရောဂါကလည်း ရှိနေသည် ။ မိမိရောဂါကို တစ်ခါမှ ဖိဖိစီးစီး မကုဖြစ်။ ခြေထောက်တွေ ကိုက်ခဲ ရောင်ရမ်းလာတိုင်း ဆေးမြီးတိုနှင့်သာ ပြီးရသည် က များ ၏။ သမီး စိတ်ရှုပ်မည်စိုး၍ ပါးစပ်က ထုတ်ဖော်ညည်းညူခြင်း လည်း မပြုတော့ပေ။

ဒေါ်မြနုဘက်က သမီးကိုတက္ကသိုလ်ပို့ဖို့ ဘယ်လိုမှ မစွမ်းဆောင်နိုင်ကြောင်း သေချာလာချိန်မှာ ဒေါ်မြနုတို့ မြို့နယ်အတွင်း တာဝန်ထမ်းဆောင်ရန် ကျောင်းဆရာ ဆရာမ လျှောက်လွှာခေါ်သည် နှင့် ကြုံကြိုက်လေသည် ။။

သမီးက ထိုအလုပ်ကို သူနှင့်သက်ဆိုင်သည် ဟု နည်းနည်းလေးမှ တွေးမိပုံမရပေ။ ဒေါ်မြနုကတော့ သမီးကို အလုပ်လျှောက်ဖို့ တိုက်တွန်းရန် ကြိုးစားခဲ့သည် မှာ လျှောက်လွှာ ခေါ်စကတည်းက ဖြစ် သည် ။

ပြောမည်ဟု အားတင်းလိုက်၊ သမီးမျက်နှာကိုကြည့်ကာ သနားလိုက်နှင့်ပင် ပြော၍ မထွက်နိုင်ခဲ့။ စကားလုံးတွေ ပါးစပ်ဖျားသို့ ရောက်လာသော်လည်း ပြောမထွက်ရက်စွာ ရင်ထဲမှာ နာကျင်လာရပြန် သဖြင့် စကားလုံးတွေကို ပြန်မျိုချရင်း ကျိတ်ငိုခဲ့ရသည့်အခါပေါင်းလည်း မနည်းတော့ . . .။

သမီး၏ လှပသော မျှော်လင့်ချက်တို့ ကို မြနု ဖျက်ဆီး မပစ်ချင်ပေ။

လျှောက်လွှာပိတ်မည့်ရက်နှင့်လည်း တစ်စ တစ်စ နီးကပ်လာလေပြီ . . .။

နောက်ဆုံးမှာ တော့ ဒေါ်မြနုသည် သမီး အလှပြင်နေသည့် မှန်တင်ခုံကလေးကို ကျောခိုင်းထိုင်ချကာ စပါးလုံးကောက်ရင်း အသံတုန်တုန်နှင့် အရဲစွန့် ပြောလိုက်မိခြင်း ဖြစ်လေသည် ။

သားအမိနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ကျောခိုင်းထိုင်ကာ ငြိမ်သက်လျက်ရှိသည် ။

" သမီးဖြစ်သူက အောက်နှုတ်ခမ်းကို ဖိကိုက်ကာ မှန်ထဲမှ သူမ၏ ပုံရိပ်ကို စိုက်ကြည့်၍ ဒေါသနှင့် ငြိမ်သက်နေခြင်းဖြစ်ပြီး မိခင်ဖြစ်သူက တော့ ဆန်ကောစွန်းနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍ မျက်ရည်တွေတွေကျကာ ငြိမ်သက်နေခြင်းဖြစ်သည် ။

အတန်ကြာသောအခါ မမိုးဖြူသည် သူ့မိခင်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ရင်း . . .။

"သမီးက ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာနဲ့ အောင်ထားတဲ့ သူပါ အမေ၊ ဆေးတက္ကသိုလ်ဝင်ခွင့်ရဖို့ လည်း သေချာနေတာပဲ၊ သမီး အရည်အချင်းနဲ့ တောစွန်ဇနပုဒ်မှာ စာသွား သင်ရမှာ လား အမေ၊ သမီးရဲ့ ဂုဏ်ထူးတွေကို လွှင့်ပစ်လိုက်ရတော့မှာ လား၊ တကယ်ဆို ဒီစကားမျိုး အမေ မပြောသင့်ပါဘူး၊ သမီး ဘာဖြစ်ချင်တယ်ဆိုတာ အမေ သိသားပဲ ။

"သမီး ဆရာဝန်ဖြစ်ချင်တယ်ဆိုတာ အမေသိပါတယ်၊ ဒါပေမဲ့ သမီးရယ် . . . ကျောင်းဆရာမ အလုပ်ဆိုတာလည်း မွန်မြတ်တဲ့ အလုပ်ပါပဲ၊

ဆရာဝန်အလုပ်ထက် မသာတောင် သူ့အောက်မလျော့တဲ့ ကုသိုလ်မျိုး တော့ ရနိုင်ပါတယ် သမီး . . . "

" ကုသိုလ်ရပေမဲ့ ပိုက်ဆံမရဘူးလေ အမေ၊ အမေ သမီးကို မွဲဆေး ဖော်မပေးပါနဲ့ . . . "

" ကဲ . . . ဒါဆို သမီးကို အမေ တစ်ခုမေးမယ်၊ သမီး ဘာဖြစ်လို့ ဆ ရာဝန်လုပ်ချင်တာလဲ . . . "

" ပိုက်ဆံတွေ အများကြီးရချင်လို့၊ ဂုဏ်ရှိချင်လို့ ပေါ့ အမေ "

" ဖြစ်ရလေ သမီးရယ် . . . "

ဒေါ်မြနုသည် ယူကျုံးမရ ညည်းတွားလိုက်မိတော့သည် ။

သမီးသည် အင်မတန် အတ္တကြီးသော သမီး ဖြစ်နေပါပေါ့ လား။

ငွေရဖို့ တစ်ခုတည်းသောသိသူ၊ မိမိကိုယ်ကျိုးမှ လွဲ၍ သူတစ်ပါး ကောင်းကျိုးကို မကြည့်သူ၊ မေတ္တာတရား ခေါင်းပြားသူကို အတ္တကြီး သောသူဟု သတ်မှတ်ပါလျှင် သမီးသည် လည်း ထိုလူတန်းစားထဲတွင် ပါဝင်သွားပေတော့မည်။။

ဒေါ်မြနုသည် အတန်းပညာ ကောင်းစွာမတတ်သော်လည်း " အတ္တ" နှင့် " ပရ " မျှတစွာ တွေးတတ်သူဖြစ်သည် ။

သမီး၏ ပေါ့တိမ်လှသော အတွေးအတွက် ဒေါ်မြနု စိတ် မကောင်းဖြ စ်မိလေသည် ။

" ငယ်သေးလို့ မသိသေးတာပဲ ဖြစ်မှာ ပါလေ . . . "

ဟု သာ ဖြေတွေး တွေးပေးမိသည် ။

ဒေါ်မြနုသည် ပါးစပ်အဟောင်းသားနှင့်ပင် သမီး၏ မာနမျက်နှာ

မော့မော့လေးကို ငေးကြည့်နေမိသည် ။။

" သမီး သိပ်ချမ်းသာချင်တယ် အမေ၊ သမီး ဆရာဝန်ဖြစ်ရင် သမားတော်ဘွဲ့ ရဖို့ ဆက်ကြိုးစားမယ်၊ ပြီးရင် ဆေးခန်းထိုင်မယ်၊ အဆင်ပြေရင် နိုင်ငံခြားမှာ အ လုပ်သွားလုပ်ဖို့ အထိ သမီး ရည်ရွယ် ထားတယ်၊ သမီး ဒီလိုတောမြို့လေးမှာ ဆင်းဆင်းရဲရဲ နေမသွားနိုင်ဘူး အမေ "

မမိုးဖြူကတော့ အားမာန်ပါပါ စကားဆိုဆဲပင် ဖြစ်သည် ။

ဒေါ်မြနုသည် သမီး၏ စကားအဆုံးတွင် သက်ပြင်းတစ်ချက် ချမိရင်း . . .။

" လူဆိုတာ ကိုယ်ကျိုးတစ်ခုတည်းကိုပဲ မကြည့်ရဘူး သမီး "

" လူတွေဟာ ကိုယ့်ကိုယ်ကိုယ်ထက် တခြား ဘယ်သူ့ကိုမှ ပို မချစ်နိုင်ပါဘူး အမေ "

" ကိုယ်ကျိုးစွန့်ပြီး အများကောင်းကျိုး ဆောင်ရွက်နေတဲ့ သူမျိုး သမီး တစ်နေ့တော့ တွေ့ လာဦးမှာ ပါကွယ် "

မမိုးဖြူက မဲ့မဲ့လေး ပြုံးလေသည် ။ အမေ့စကားကို မမိုးဖြူ မယုံပေ။ လူတွေဟာငွေ့အိမ်၊ ငွေ့ရာ၊ ငွေ့ဥစ္စာအတွက် လှုပ်ရှားရုန်းကန်နေကြတာပဲ မဟုတ်လား။ အများကောင်း စားဖို့ ဆိုသည် မှာ လူကြားကောင်းအောင် အသံကောင်းဟစ်ခြင်းသာ ဖြစ်သည် ။ တကယ်တမ်း မိမိကောင်းကျိုး တစိုးတစေ့မျှ မပါဘဲ ဘယ်လိုလူမျိုးက အများ အကျိုး ဆောင်နိုင်ပါမည်လဲ။ အများကောင်းကျိုးဟု အသံကောင်းဟစ်ရင်း ကိုယ်ကျိုးရှာသွားကြသော အတ္တသမားတွေ လောကမှာ အများကြီးရှိနေကြောင်းကို ပတ်ဝန်းကျင်မှာ လည်း တွေ့မြင်ခဲ့ဖူးသည် ။ စာထဲပေထဲတွင် လည်း ဖတ်ဖူး မှတ်ဖူးခဲ့သည် ပဲ။

"ဆရာဝန်ဆိုတာ ငွေရဖို့ တစ်ခုတည်းသိတဲ့ လူမျိုးလို့ သမီးထင် နေသလားဟင်၊ ဆရာဝန်ဖြစ်ရင် သူဌေးဖြစ်မယ်လို့ သမီး မှတ်ထားသလား၊ ဥစ္စာကိုရင်းပြီး စီးပွားရှာတဲ့ သူနဲ့ ပညာကိုရင်းပြီး စီးပွား ရှာတဲ့ သူ မတူပါဘူး သမီးရယ်၊ ဥစ္စာရင်းတဲ့ သူက တစ်ဆယ်ရင်းရင် တစ်ကျပ်မြတ်ရမယ်ဆိုတဲ့ စိတ်နဲ့ ကိုယ့်ပစ္စည်းကို ရောင်းရအောင် လုပ်ပေမဲ့ ဆရာဝန်ဆိုတာမျိုးက ငါ ဘယ်လောက် ပင်ပန်းလိုက်လို့ ဘယ်လောက်ယူလိုက်မယ်ဟဲ့၊ ငါ အမြတ်ရအောင် ဘယ်လို လိမ် ပြောလိုက်မယ်ဟဲဆိုတဲ့ စိတ်မျိုး မရှိကြပါဘူး၊ ရှိရင်တောင် တစ်သောင်းမှ တစ်ယောက် ရှားပါးမှာ ပါ၊ ဆရာဝန်ဆိုတာ ပိုက်ဆံရှာတဲ့ သူလို့ သတ်မှတ်မယ့်အစား လူတွေရဲ့ အသက်ကိုကယ်တဲ့ သူလို့ သတ်မှတ်ပါလား သမီးရယ် "

ဒေါ်မြနုသည် တတ်အားသရွေ့ နားချရင်း သမီး၏ မျက်နှာကလေးကို အကဲခတ်ကြည့်မိပြန်သည် ။

သမီးသည် အမေဖြစ်သူ၏ မခြောက်တခြောက် မျက်ရည်စ တွေကိုလည်း သတိပြုမိပုံမရ။ မျက်နှာကလေး ပင့်ချီကာ နှုတ်ခမ်းအစုံကို တင်းတင်းစေ့၍ ငြိမ်သက်လျက်ရှိသည် ။ " အသက်မွေးဝမ်းကျောင်း အလုပ်တွေထဲမှာ ဆရာဝန်အလုပ်နဲ့ ကျောင်းဆရာအလုပ်ဟာ ကုသိုလ်အရဆုံး အလုပ်တွေပဲ သမီး၊ ဆရာဝန်က လူတွေရဲ့ အသက်ကို ကယ်တယ်၊ ကျောင်းဆရာက ကလေးတွေအတွက် ပညာဒါနပြုတယ်၊ ဆရာဝန်ဆိုတာကလည်း ကျောင်းဆရာက သင်ပေးလိုက်လို့ သာ ဆရာဝန်ဘဝရောက်ရတာ မဟုတ်လား၊ ကုသိုလ်ရတာချင်း အတူတူ ဆိုရင်တောင် တကယ်တမ်း ပြန်စဉ်းစားကြည့်ရင် ကျောင်းဆရာက ပိုပြီး မွန်မြတ်ပါသေးတယ် သမီးရယ် "

" မွန်မြတ်ပေမဲ့ ပိုက်ဆံမှ မရဘဲ အမေရဲ့ ၊ ကုသိုလ်ရတာချင်းတူရင်

တောင် ငွေရတာချင်းက တူမှ မတူဘဲ၊ ပြီးတော့ ကျောင်းဆရာအလုပ်က တောစွန်ဇနပုဒ်မှာ သွားလုပ်ရမှာ ၊ တောသူ တောင်သား အရိုင်းအစိုင်း လေးတွေကို စာသင်ပေးရမှာ ၊ လူက အာပေါက်မတတ် ပင်ပန်းပြီး ရတဲ့ လခလေးက မဖြစ်စလောက်နဲ့ ၊ တကယ်တမ်းကျတော့ ပီတိကိုစား လို့ အားမရှိပါဘူး အမေ . . . "

" ဒါပေမဲ့ သမီးရဲ့ ဆရာ ဆရာမတွေက ပီတိစားလို့ ရလာတဲ့ အားနဲ့ သင်ပေးလိုက်လို့ သာ သမီး စာတတ်လာရတာ မဟုတ်လား "

မမိုးဖြူသည် ခေတ္တတော့ငိုင်တွေသွား၏။ သို့သော် သူမ၏ တစ်ဇွတ် ထိုးစိတ်နှင့် အတ္တသည် သူမ၏ အသိဉာဏ်ကို အမှောင်ချ၍ ထား လေသ ည် ။ " ဘာပဲပြောပြော လောကမှာ အရေးကြီးဆုံးက ငွေပါပဲ အမေ၊ သ မီးကတော့ ငွေများများ ရမယ့် အလုပ်မျိုးကိုပဲ လုပ်ချင်တယ် "

" သမီးရယ် . . . "

ဒေါ်မြနု စိတ်ပျက်စွာ ညည်းသူမိတော့သည် ။ တကယ်တော့ သမီး ဟာ တစ်ယူသန်မလေး ဖြစ်နေခဲ့ပြီ မဟုတ်ပါလား . . .။

ဒေါ်မြနု မပြောချင်သော၊ ပြောမထွက်ရက်သော စကားကို ပြောရ ပေတော့မည်။

ဒေါ်မြနုသည် အံတင်းတင်းကြိတ်၍ သမီးဖြစ်သူကို ကျောခိုင်းလိုက် ရင်း . . .

" သမီးကို အမေ ကျောင်းဆက်မထားနိုင်တော့ဘူး သမီး၊ သမီး ကျောင်းဆရာမပဲ ဝင်လျှောက်လိုက်ပါ "

" အို "

မမိုးဖြူသည် အဝေးဆီမှ လေးလံသော အရာတစ်ခု ရင်ဝဆီသို့ ပြေး

ဝင် အဆောင့်ခံလိုက်ရသလို ခံစားလိုက်ရသည် ။ ကိုယ့်နားကိုပင် ကိုယ် မယုံနိုင်ပေ။ အမေဘာပြောတာလဲ . . . အမေ ဘာပြောလိုက်တာလဲ။

အမေသည် မမိုးဖြူကို ကျောခိုင်းကာ ခပ်တောင့်တောင့် ရပ်၍ နေလေသည် ။။

မမိုးဖြူ ဒူးထောက်ထိုင်လိုက်ရင်း အမေ့ကို မော့ကြည့်နေမိသည် ။ မျက်ရည်စ စိုစိုစွတ်စွတ်တို့ က ပါးပြင်ဆီမှ လည်တိုင်တစ်လျှောက် လျောတိုက်ဆင်းသွားကြသည် ။

ကြည့်စမ်း . . . ဒါကို မမိုးဖြူ ဘယ်တုန်းကမှ စဉ်းစားမကြည့် မိခဲ့ပေ။

ကိုယ်ဖြစ်ချင်တာ တစ်ခုသာသိသော မမိုးဖြူသည် တခြား ဘာကိုမှ ဦးနှောက်ခြောက်ခံ၍ မစဉ်းစားခဲ့။

အမေကလည်း ကြိုတင်မပြောခဲ့တာမို့ တက္ကသိုလ် ဆက်တက်ရမည် ဟု ပဲ စိတ်ချလက်ချ ယုံကြည်ထားခဲ့သည် ။

ဒီလိုမှန်းသိလျှင် . . . ဒီလိုမှန်းသာသိခဲ့လျှင် . . .

မမိုးဖြူသည် မျက်ရည်တွေတွေကျလျက်ကပင် ကြိုးစား ကျက်မှတ်ခဲ့ရသည် များကို သတိရလာခဲ့သည် ။

သူများ ပျော်လို့ မပျော်နိုင်ဘဲ အိမ်တွင်းပုန်းဘဝနှင့် ချည့်နဲ့ သွားရတော့မတတ် ကြိုးစားခဲ့ရပုံတွေ . . .

အို . . . ခုတော့လည်း ဒါတွေဟာ အလကားပါပဲလား . . .။

ဒီဂရီထူးတွေမပါဘဲနဲ့ လည်း တောကျောင်းကလေး တစ်ကျောင်းမှာ ကျောင်းဆရာမ အလုပ်လောက်ကတော့ အလွယ်တကူ

ရမှာ ပဲ မဟုတ်လား။

ဒေါ်မြနုသည် သမီးကို နောက်ခိုင်း၍ မျက်ရည်ကျလျက်က ပင်ငြိမ်ချက်သားကောင်းလှသော သမီးအတွက် စိတ်ပူလာမိသည် ။

ဒေါ်မြနုသည် သမီးဘက်သို့ လည်ပင်းလိမ်၍ လှည့်ကြည့် လိုက်၏။

" အို . . . သမီးရယ် "

သမီးသည် ကြမ်းပြင်ပေါ်တွင် ဒူးတုပ်၍ ကျုံ့ကျုံ့ကလေးထိုင်ရင်း ဒေါ်မြနုကို မော့ကြည့်နေရှာသည် ။

သမီး၏ မျက်ဝန်းများ သည် မျှော်လင့်ချက်ကင်းမဲ့စွာ ညှိုး ဖျော့လျက်ရှိပြီး ထိုမျက်ဝန်းများမှ မျက်ရည်များ အဆက်မပြတ် စီးကျနေလေသည် ။

" အ . . . အမေ . . . သမီးကို ကျောင်းမထားနိုင်လို့ တောမှာ ကျောင်းဆရာမ လုပ်ခိုင်းတာပေ့ါနော် "

" သမီးလေးရယ် . . . "

ဒေါ်မြနု ရှိုက်ကြီးတငင် ငိုလေပြီတည်း။

သမီးခမျာ ဘယ်လောက်တောင် ကြေကွဲရှာလိမ့်မလဲ။ သမီးကိုသနားလှသော်လည်း သမီးကို ကျောင်းထားဖို့ ဒေါ်မြနု ကြိုးစားခြင်းမှာ ကျောက်ခဲကို ရေညှစ်သကဲ့သို့သာ ရှိလိမ့်မည်။

မမိုးဖြူသည် ရှိုက်ကာ ရှိုက်ကာ ငိုနေသော အမေ့ကို မော့ကြည့်ရင်း စကားပြောဖို့ အားယူလိုက်သည် ။။

" မငိုပါနဲ့ အမေရယ်၊ သမီး အမေ့သဘောကျ ကျောင်းဆရာမပဲ လုပ်ပါတော့မယ် "

မျှော်လင့်ချက်တို့ တစ်စစီ ပြိုကွဲလွင့်စဉ်သွားသလိုပါတည်း။

" သမီးလေး . . . "

အမေသည် ငိုသံအက်အက်နှင့် ခေါ်လိုက်ရင်း မမိုးဖြူ၏ ပခုံးနှစ်ဖက်ကို ပွေ့ယူထူမ လိုက်လေသည် ။

" အမေရယ် . . . "

အမေ့ရင်ခွင်မှာ မျက်နှာအပ်၍ အားရအောင် ငိုချလိုက်မိသည် ။

အမေ့ရင်ခွင်သည် ငြိမ်းချမ်းသည် ဟု ဆိုသော်လည်း မမိုးဖြူ၏ အတ္တမီးကိုကား အလွယ်တကူ မငြိမ်းနိုင်ခဲ့ပေ . . .။

*****